## ဗုဒ္ဓဘာသာဝင်မှန်ရင် ဒါလေးတွေတော့သိထားသင့်ပါတယ်။

၁။ ထေရဝါဒဗုဒ္ဓဘာသာ

မြတ်ဗုဒ္ဓ၏ပရိနိဗ္ဗာန်စံဝင်တော်မူရာဖြစ်သော မဟာသက္ကရာဇ် ၁၄၈ ခုနှစ်တွင် အရှင်မဟာကဿပ၊ အရှင်အာနန္ဒာအမှူး ရှိကုန်သော မထေရ်မြတ်ကြီး တို့သည် ပထမသံဂါယနာကို တင်တော်မူကြသည်။ (ယင်းနှစ်ကိုပင်သာသနာတော်နှစ် အမှတ်(၁) ဟု သတ်မှတ်ပါသည်။)
ယင်းသံဂါယနာတင်မှုသည်မြတ်ဗုဒ္ဓဟောပြထားချက်အတိုင်း အတည် ပြုထားရှိခြင်းပင်ဖြစ်သည်။ ထို့ကြောင့်ထေရဝါဒသာသနာဆိုသည်မှာ မြတ်ဗုဒ္ဓ၏ မူရင်း အတိုင်း အတည်ပြုထားသည့် ဒေသနာစဉ်များနှင့်ကျင့်စဉ် များပင်ဖြစ်ပါ သည်။ ထိုသံဂါယနာ တင်မှုကို အစွဲပြု၍ ထေရဝါဒသာသနာတော် ဟု တွင်လာခြင်း ပင်ဖြစ်ပေသည်။ မဟာသက္ကရာဇ်၁၄၈ခုနှစ် ဆိုသည်မှာ ခရစ်နှစ်မပေါ်သေးမီ (၅၄၃) နှစ်ခန့် ရှေးကျသည့် ကာလပင် ဖြစ်ပါသည်။ အဆိုပါထေရဝါဒ သာသနာတော်ကို ယခုခေတ်တွင် ထေရဝါဒ ဗုဒ္ဓဘာသာဟုခေါ်ဆိုနေကြောင်း သိရ ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာကို
၁။ မြန်မာ၊
၂။ ထိုင်း၊
၃။ သီရိလင်္ကာ၊
၄။ ကမ္ဘောဒီးယား၊
၅။ လော-နိုင်ငံတို့မှာ ကိုးကွယ်နေလျက် ရှိကြသည်။ ထေရဝါဒဗုဒ္ဓဘာသာဟူသည်မှာ မြတ်စွာဘုရား၏ တရားတော် ကိုမြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း မပြုမပြင်၊ မဖြည့် မစွက်၊ မပယ်မနှုတ်ဘဲ လိုက်နာကျင့်သုံးသည့် ဗုဒ္ဓဘာသာကို ခေါ်ဆို ခြင်းသာတည်း။

၂။ ဟီနယာနဗုဒ္ဓဘာသာ

ထေရဝါဒဗုဒ္ဓဘာသာကဲ့သို့ မူရင်းတရား အစစ်အမှန်တွေကို လည်းအတိအကျ မလိုက်နာနိုင်- မဟာယာနတွေလောက်လည်း ပြုပြင် ဖြည့်စွက် ပယ်နှုတ်ဖို့ မလုပ်ချင်သော ဗုဒ္ဓဘာသာကို ဟီနယာနဗုဒ္ဓ ဘာသာဟု ခေါ်ဆိုသည်။၎င်းတို့သည် အမှန်အား ဖြင့် သာသနာနှစ်၁၀၀တွင် ပေါ်ပေါက်ခဲ့သည့်ဝဇ္ဇီပုတ္တကဂိုဏ်း (မဟာသံဃိကဂိုဏ်း) မှ ဆက်လက်ဖြစ်ပွါးလာသည့် ဂိုဏ်းပင် ဖြစ်သည်။ ဟီနယာန အမည်ခံ သည့် ဂိုဏ်းတို့သည်ရှေးက အိန္ဒိယပြည် ဂန္ဓာရတိုင်း၊ ကသ္မီရတိုင်း အထိ အနောက်မြောက် ပိုင်းနှင့် မြောက်ပိုင်းတစ်လျှောက် ပြန့်ပွါးခဲ့ ကြသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်းသုတ္တန္တိကဂိုဏ်းစသည်ဖြင့် နာမည်တွင် ခဲ့ကြ သေးသည်။ အခုအခါမှာတော့ ၎င်းဂိုဏ်းတို့သည် မဟာယာန ဗုဒ္ဓဘာသာဂိုဏ်းက မျိုထားခြင်းကို ခံလိုက်ကြရသည်ဖြစ်၍ မဟာယာနအတွင်းမှာ တိမ်မြုပ်ကြကုန်ပြီး ပျောက်ကွယ်သ လောက်ဖြစ်သွားကြပါသည်။ယင်းဂိုဏ်းတို့အား ဟီနယာန=နိမ့်ကျသည့်ယာဉ် ဟူ၍နာမည်တပ်မှုကို မဟာယာနတို့ကပြုလုပ်ခဲ့သည်။ သာသနာတော်နှစ်(၁၀၀)တွင် စတင်ပေါ် ထွန်းခဲ့သည့်ဂိုဏ်းဟု ဆိုနိုင်ပါသည်။

၃။ မဟာယာနဗုဒ္ဓဘာသာ

မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း မဟုတ်ဘဲ ကာလ၊ ဒေသ၊ပုဂ္ဂလ အစရှိသော အခြေအနေအရပ်ရပ်တို့နှင့် ကိုက်ညီ အောင် ဘုရားရှင်၏တရားတော်တို့ကိုပြုပြင်ပြီး သာဝကအဖြစ်၊ ပစ္စေကအဖြစ်ဖြင့် နိဗ္ဗာန်ကိုမရနိုင်ဘဲ သမ္မာသမ္ဗုဒ္ဓအဖြစ်ဖြင့်သာ နိဗ္ဗာန်ကို ရနိုင်သည်ဟူ၍ယူဆသည့်

ဗုဒ္ဓဘာသာကို မဟာယာနဗုဒ္ဓ ဘာသာဟုခေါ်ဆိုသည်။ ယခု -တိဘက်၊ ဆိကင်၊ ဘူတန်၊ နီပေါ၊ မွန်ဂိုလီးယား၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ဗီယက်နမ် အစရှိသော နိုင်ငံ - တို့မှာ မဟာယာနဗုဒ္ဓဘာသာကို ကိုးကွယ်နေကြသည်။ ၎င်းမဟာယာနတို့က ဗုဒ္ဓယာန တစ်ခုတည်းကိုသာ လက်ခံသူ များ ဖြစ်၍ ရှေးကရှိပြီး ဖြစ်နေသောသဗ္ဗတ္ထိဝါဒဂိုဏ်း၊ သုတ္တန္တိကဂိုဏ်း အစရှိသော ဗုဒ္ဓဘာသာတို့ကို "သာဝကယာနနှင့် ပစ္စေကယာန နှစ်ခုတို့ကို လက်ခံထားခြင်းကြောင့် ဟီနယာန"ဟုနာမည်တွင် စေခြင်းပင် ဖြစ်ပေသည်။ မဟာယာနဗုဒ္ဓဘာသာသည် သာသနာ နှစ်-၆၀၀-ခန့်တွင် စတင်ပေါ်ပေါက်လာသည့်ဂိုဏ်း ဖြစ်သည်။ ထိုအချိန်တွင်အိန္ဒိယနယ်အတွင်း၌ ထေရဝါဒဗုဒ္ဓဘာသာ ဂိုဏ်းဝင် များ အနည်းအပါးမျှသာ ကျန်ရှိနေကြပါသည်။ ထေရဝါဒသာနာ တော်ကွယ်ပျောက် နေပြီဟုပင် ဆိုနိုင်သည်။ ဟီနယာနနှင့် မဟာယာနတို့က ထေရဝါဒဗုဒ္ဓဘာသာကို ပျက်စီးစေခဲ့ကြောင်း သိရပါသည်။ယခုခေတ်တွင် အချို့သူတို့က ထေရဝါဒဗုဒ္ဓဘာသာကို ဟီနယာန ဗုဒ္ဓဘာသာဟုပင် အထင်မှားနေကြသည်။ ဟီနယာန၊ မဟာယာန ကွဲပြားချိန်တွင် အိန္ဒိယအတွင်း၌ ထေရဝါဒဗုဒ္ဓဘာသာ ပျောက်ကွယ်နေရပြီဖြစ်၍၎င်းဝါဒ ကွဲမှုထဲတွင် ထေရဝါဒဗုဒ္ဓဘာသာ မပါကြောင်းသိရှိရပါသည်။ ထိုအချိန်တွင်ထေရဝါဒဗုဒ္ဓဘာသာသည် သီဟိုဠ်ကျွန်းအတွင်း ၌ ထွန်းလင်းပြန့်ပွါးနေကြောင်းတွေ့ရှိ ရမည်။